# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 7, 2019 Volume 15, Number 3


**၇.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၈/ကျပ် |
| CBM Rate | = ၁၅၄၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၅၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၃.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၁.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၉.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၆.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၁၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၄၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၇၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၅၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၇၀ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တရားဝင် ရွှေတင်ပို့ရေး အခွန်နှုန်းလျှော့ချပေးရန် စီစဉ်နေဟုဆို

အခွန်နှုန်းကြီးမြင့်ခြင်းကြောင့် ရွှေကို တရားဝင် တင်ပို့၊ တင်သွင်းသူမရှိ၍ အခွန်နှုန်းထားလျှော့ချပေးရန် စီစဉ်နေသည်ဟု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက ပြောသည်။ ရန်ကုန်မြို့ ပန်ဒါဟိုတယ်တွင် ဇန်နဝါရီ ၆ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး၌ အမြဲတမ်းအတွင်းဝန်က အထက်ပါအတိုင်းပြောသည်။

ရွှေကို တင်ပို့၊ တင်သွင်းရာတွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရသည့်အစား ၂ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် ရွှေလုပ်ငန်းရှင်




များက တောင်းဆိုထားသည်။ တစ်ယောက်မှ ရွှေတင်ပို့နိုင်ခြင်းမရှိသေးတာကြောင့် အဓိကသတ်မှတ်နှုန်းထားလေးက မကိုက်တဲ့အတွက်ကြောင့် အခွန်နှုန်းထားကို ပြန်ညှိဖို့ဆောင်ရွက်နေကြောင်း၊ တစ်နည်းနည်းနဲ့ လျှော့ဖို့ဆောင်ရွက်နေကြောင်း ဦးမင်းမင်းဦးကပြောသည်။ လက်ရှိ ရွှေဈေးကွက်တွင် ပြည်တွင်းရွှေဈေးမြင့်၍ ပြည်ပရွှေဝင်ရောက်ပြီး ပြည်တွင်းရွှေဈေးနိမ့်ပါက ပြည်ပသို့တင်ပို့ကြသည်။ သို့သော် ထိုလုပ်ငန်းများသည် တရားမဝင် တင်သွင်း၊ တင်ပို့ခြင်းတို့သာဖြစ်သည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်အချို့က ပြောသည်။

တရားမဝင်လမ်းကြောင်းအရ လိုင်စင်မရှိဘဲ ရွှေတင်ပို့၊ တင်သွင်းပါက အရေးယူခံရမည်ဟု အမြဲတမ်းအတွင်းဝန်ကပြောသည်။ ရွှေတုံးရွှေခဲသည် ငွေကြေးသဘောမျိုးသာဖြစ်ပြီး နိုင်ငံတကာတွင် ငွေကြေးလဲလှယ်သည့် ပုံစံသာဖြစ်ကာ ရောင်းချရာ၌ အခွန်ကောက်ခံခြင်းမဖြစ်သင့်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဌ ဦးခင်မောင်ဟန်ကပြောသည်။

ရွှေတင်သွင်း၊ တင်ပို့ရန် တစ်နေရာတည်း အပြီးဆောင်ရွက်ပေးမည့် (One Stop Service) စင်တာကို စက်တင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို One Stop Service စင်တာသည် နိုင်ငံအတွင်း ရွှေတင်ပို့၊ တင်သွင်းခြင်း စစ်ဆေးကြီးကြပ်ဆောင်ရွက်ပြီး တစ်နေရာတည်း၌ ခွင့်ပြုပေးမည့်နေရာဖြစ်ကာ လုပ်ငန်းရှင်များထံမှ ဝန်ဆောင်ခ ကောက်ယူမည်ဟု လုပ်ငန်းရှင်အသင်းကကြေညာသည်။

**Source: http://www.7daydaily.com/story/146782**

## ယခုနှစ်အတွင်း နှစ်နိုင်ငံအစိုးရ သဘောတူညီမှုဖြင့် အိန္ဒိယသို့ ပဲတင်ပို့နိုင်မည်မျှော်မှန်း

၂၀၁၉ အတွင်း အစိုးရချင်း သဘောတူညီမှုဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့နိုင်မည်ဟု မျှော်မှန်းကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ နှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ အာမခံချက်ရှိသော ဈေးကွက်တစ်ခု ဖြစ်စေရန် အစိုးရချင်း သဘောတူညီမှုဖြင့် မြန်မာနိုင်ငံမှ ပဲတင်ပို့ရေး ညှိနှိုင်းရာတွင် ဈေးနှုန်းပြဿနာခက်ခဲသည့် အခြေအနေတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။

အိန္ဒိယနိုင်ငံက စိုက်ပျိုးစရိတ်ကုန်ကျမှု၊ သယ်ယူစရိတ်ကုန်ကျမှုထက် ၁၀ ရာခိုင်နှုန်းသာ အမြတ်ပေးပြီး ဝယ်ယူလို သည်ဟု ကမ်းလှမ်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဘီဘီစီသတင်းဌာနနှင့် အင်တာဗျူးတွင်ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ ကမ်းလှမ်းချက်ကို ပဲစိုက်ပျိုးသည့်တောင်သူများနှင့် မြန်မာကုန်သည် များက သဘောတူလက်ခံရန် ခက်ခဲသည့်အခြေအနေတွင်ရှိနေသည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ထို့ကြောင့် မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် မြန်မာနိုင်ငံက စိုက်ပျိုးသည့် ပဲများကို အစိုးရချင်းသဘော တူညီမှုဖြင့် ရောင်းချနိုင်ရန် စာချုပ်ချုပ်ဆိုရေး ကုန်သည်များနှင့် လယ်သမားများပါဝင်ပြင်ဆင်ထားသည့် စာချုပ်မူကြမ်းကို အိန္ဒိယနိုင်ငံသို့ပေးပို့ထားသည်။ လက်ရှိအထိ အိန္ဒိယနိုင်ငံက အကြောင်းပြန်ကြားချက်မရရှိသေးသော်လည်း အိန္ဒိယ သမ္မတခရီးစဉ်တွင် မြန်မာနိုင်ငံမှ ပဲဝယ်ယူရန် အစိုးရကဆွေးနွေးခဲ့သည်။

ဆောင်းရာသီသီးနှံ မတ်ပဲကလာမည့်ဖေဖော်ဝါရီတွင် အသစ်စတင်ပေါ်မည်ဖြစ်သည်။ ပုံမှန် တစ်နှစ်လျှင် တန်ချိန် ငါးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သော မတ်ပဲ၏ အဓိကဈေးကွက်က အိန္ဒိယနိုင်ငံဖြစ်ပြီး ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရောင်းချသည်။ ထို့အပြင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အဓိကစိုက်ပျိုးသော ပဲစင်းငုံကလည်း လက်ရှိတွင် အသစ်ပေါ်သည့် အချိန်ဖြစ်သည်ဟု ဘုရင့်နောင်ပဲကုန်သည်တစ်ဦးကပြောသည်။ လက်ရှိပြည်တွင်း ဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၇၅၅,၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ကျပ် ၇၄၅,၀၀၀ ဈေးရှိနေသည်။ ၂၀၁၈ ဧပြီမှ ဒီဇင်ဘာအထိ ကိုးလအတွင်း ပြည်ပတင်ပို့သည့် ပဲမျိုးစုံတန်ချိန် ၁၀ သိန်းကျော်တွင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့က အများဆုံးဖြစ်သည်။ ပဲတီစိမ်းဈေးကွက် ကြီးမားခြင်းကြောင့် ပြည်ပတင်ပို့ရာတွင် အဆင်ပြေ သော်လည်း အိန္ဒိယနိုင်ငံအပေါ် အများဆုံးမှီခိုနေရသည့် ပဲစင်းငုံနှင့် မတ်ပဲအတွက် ဈေးကွက် အခိုင်အမာရရှိရေး လိုအပ်နေသည်ဟု ပဲကုန်သည်အချို့ကပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၈ နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ကန်ဒေါ်လာသန်း ၇၆၀ ကျော် ရင်းနှီး မြှုပ်နှံထားသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်နေသော ၄၉ နိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေး လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုက ၁၁ နိုင်ငံမြောက်တွင် ရှိနေသည်။ ထို့အပြင် မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုက ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံကျော်ရှိနေပြီး မြန်မာနိုင်ငံမှ ပို့ကုန်ပမာဏကသန်း ၆၀၀ ကျော်ရှိသည်။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံက တင်သွင်းသည့် သွင်းကုန်ပမာဏက ကန်ဒေါ်လာသန်း ၈၀၀ ကျော်ရှိခဲ့ သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှုစုစုပေါင်း၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၃၃ ဘီလီယံ ကျော် ရှိခဲ့ခြင်းကြောင့် မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးက ၅ ရာခိုင်နှုန်း အောက်တွင်သာ ရှိနေသည်။ ထို့ကြောင့် နှစ်နိုင်ငံစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု အလားအလာများဆွေးနွေးရန် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်အပါအဝင် ဝန်ကြီးချုပ်သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားလှယ်များသည် ဇန်နဝါရီ ၆ ရက်တွင် အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည်။

**Source:** http://www.7daydaily.com/story/146781

## မုံရွာတွင် ရာသီဥတုကောင်းသဖြင့် မိုးကြက်သွန်နီအထွက်နှုန်း ပိုများဟုဆို

မုံရွာမြို့တွင် မိုးရာသီစိုက် ကြက်သွန်နီ (အမြိတ်ထောင်) များ ရာသီဥတုကောင်းမွန်ခြင်းကြောင့် အထွက်နှုန်းပိုများကြောင်း ဒေသခံကြက်သွန်နီစိုက်တောင်သူများကပြောသည်။ မုံရွာဒေသတွင် မိုးရာသီကြက်သွန်နီစိုက်ခင်းများကို နှစ်စဉ်အောက်တိုဘာလဆန်း၌ စတင်စိုက်ပျိုးကာ ယခုနှစ် ဇန်နဝါရီအတွင်း ဈေးကွက်သို့ စတင်ဝင်ရောက်ခြင်းဖြစ်သည်။ ဒီနှစ်ရာသီဥတုကောင်းတော့ ရောဂါပိုးမွှားကင်းပြီး အထွက်နှုန်းကောင်းကြောင်း၊ အရင်နှစ်တွေတုန်းက ရာသီမကောင်းတော့ ရောဂါကျပြီးအထွက်လျော့ကြောင်း၊ အရင်တစ်ဧက ပိဿာသုံးထောင်ဂန်းကျင်ထွက်ခဲ့တာ။ ဒီနှစ်အထွက်နှုန်းကောင်းတော့ တစ်ဧကပိဿာလေးထောင်လောက်ထွက်ကြောင်း မုံရွာမြို့နယ် မြေနဲကျေးရွာ ဒေသခံကြက်သွန်နီစိုက်တောင်သူ ဦးအောင်ထူးကပြောသည်။ ယခုနှစ် မုံရွာမြို့နယ်အတွင်း မိုးရာသီကြက်သွန်နီ အမြိတ် ထောင်ဧကသုံးထောင်ကျော်စိုက်ပျိုးပြီး ဇန်နဝါရီအတွင်း ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာနိုင်ကြောင်း ၎င်းကဆိုသည်။ မိုးရာသီကြက်သွန်နီ စိုက်ပျိုးသူများပြားပြီး အထွက်နှုန်းကောင်းမွန်ခြင်းကြောင့် မုံရွာဈေး ကွက်တွင် တစ်ပိဿာကျပ် ခြောက်ရာမှ ကျပ်ရှစ်ရာခန့်အထိ အရောင်းဝယ်ဖြစ်ခဲ့သည်။ ယခင်နှစ်က မုံရွာဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာကျပ် ၂,၈၀၀ ခန့်အထိ မြင့်တက်သည့်နောက်ပိုင်း ယခုနှစ်၌ ကြက်သွန်နီစိုက်သူ ပိုမိုများပြားပြီးနောက် ဈေးကျဆင်းခဲ့ကြောင်း ဒေသခံကုန်သည်များကပြောသည်။

**Source: http://www.7daydaily.com/story/146751**

## စက်သုံးဆီဈေးဆက်တိုက်ကျ၍ အရှုံးပေါ်နေကြောင်း စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်အချို့ပြော

စက်သုံးဆီဈေး ဆက်တိုက်ကျဆင်းနေခြင်းကြောင့် အရှုံးပေါ်နေကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင် အချို့ကပြောသည်။ စက်သုံးဆီဈေး နေ့စဉ်နီးပါးကျဆင်းနေပြီး ဈေးမတည်ငြိမ်ခြင်းကြောင့် အမြင့်ဈေးဖြင့် ဝယ်ယူထားရသူများ အရှုံးပေါ်နေခြင်းဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ စက်သုံးဆီဈေးကျဆင်းမှုကြောင့် ကျပ်သိန်းသောင်းနှင့်ချီ၍ အရှုံးပေါ်နေသည်ဟု လုပ်ငန်းရှင်အချို့ကဖွင့်ဟပြီး ငွေကြေးဆုံးရှုံးမှုပမာဏကို အတိအကျထုတ်ဖော်ပြောကြားမှုမရှိပေ။ ရှုံးတာကတော့ တော်တော်ရှုံးကြတယ်။ ဆုံးရှုံးပမာဏတွေကတော့မနည်းဘူး။ ကမ္ဘာ့ရေနံဈေးရဲ့ ရိုက်ခတ်မှုဆိုတော့လည်း အခြေအနေပြန်ကောင်းလာမယ့်အချိန်ကိုစောင့်ပြီး တင်းခံနေကြရတဲ့သဘောဖြစ်နေကြောင်း စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းများသည် ဈေးအတက်၊ အကျ တစ်ရှိန်ထိုးဖြစ်ပေါ်ပါက ငွေကြေးဆုံးရှုံးနစ်နာမှုများ ကြုံရလေ့ရှိပြီး ဈေးတည်ငြိမ်မှသာ အကျိုးအမြတ်ခံစားရလေ့ရှိသည်ဟု ၎င်းတို့ကဆိုသည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ၂၀၁၈ အောက်တိုဘာက စက်သုံးဆီရောင်းဝယ်ရေး သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်းထားရောက်ရှိခဲ့ပြီး ယင်းလကုန်ပိုင်းကစ၍ ဆက်တိုက်ဈေးကျဆင်းခဲ့သည်။ အောက်တိုဘာလလယ်ပိုင်းက အောက်တိန်း-92 တစ်လီတာလျှင် ၁,၀၆၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၁,၁၁၅ ကျပ်အထိ ရောက်ရှိခဲ့သည်။ ယခုနှစ်ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်အထိုင်ဈေးကွက်၌ အောက်တိန်း-92 တစ်လီတာလျှင် ၆၈၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၇၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၈၇၀ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၈၈၀ ကျပ်ရှိသည်။ ထို့ကြောင့် နှစ်လကျော်အတွင်း အောက်တိန်း-92 တစ်လီတာလျှင် ၃၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၃၄၀ကျပ်၊ ဒီဇယ်နှင့် ပရီမီယံတစ်လီတာလျှင် ၂၂၅ ကျပ်စီ ကျဆင်းခဲ့သည်။

**Source: http://www.7daydaily.com/story/146669**

## ရွှေကို အရေးကြီးကုန်စည်အဖြစ်မှ ပယ်ဖျက်ပေးခဲ့၍ ပြည်ပဈေးကွက်အထိ တိုးချဲ့နိုင်ဟုဆို

၂၀၁၈ တွင် အရေးကြီးကုန်စည်အဖြစ်မှ ပယ်ဖျက်ပေးခြင်းကြောင့် ရွှေသည်ပြည်တွင်းဈေးကွက်သာရှိနေရာမှ ပြည်ပဈေးကွက်အထိသွားနိုင်ခဲ့သည်ဟု ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်ကပြောသည်။ ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ဇန်နဝါရီ ၅ ရက်တွင် ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ် ငန်းရှင်များအသင်း(YGEA) နှစ်ပတ်လည်အစည်းအဝေး၌ ၎င်းက အထက်ပါအတိုင်း ပြောကြားသည်။

"YGEA က ပြည်တွင်းမှာသာ ရောင်းဝယ်လို့ရတဲ့ ဈေးကွက်ကနေ ကမ္ဘာ့ရွှေဈေးကွက်ထဲကို ထွက်လာတာတွေ့ရပါတယ်"ဟု ဦးထွန်းထွန်းဟိန်က ပြောသည်။




ရွှေကို နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက်ရန် ရွှေတင်ပို့ခြင်း၊ တင်သွင်းခြင်းအတွက် ပြည်တွင်း၌ သုံးစွဲနေသည့် ပဲ၊ ရွေး၊ ကျပ် စသည့် အလေးချိန်စနစ်ကို နိုင်ငံတကာ သုံးဂရမ်၊ အောင်စ စသည့် စနစ်သို့ ပြောင်းလဲနိုင်ရန် နိုးဆော်နေသည်ဟု ၎င်းက ဆိုသည်။

ထို့ပြင် ဒေါ်လာဈေး အပြောင်းအလဲကြောင့် ရွှေဈေး အပြောင်းအလဲဖြစ်နေခြင်းကို ကုစားနိုင်ရန် မိုဘိုင်း အက်ပလီကေးရှင်း အသုံးပြုရောင်းချရန် ကြိုးစားနေသည်ကိုတွေ့ရကြောင်း ဦးထွန်းထွန်းဟိန်ကပြောသည်။ ထိုသို့ အသုံးပြုနေခြင်းကြောင့် ရွှေဈေးအပြောင်းအလဲတည်ငြိမ်လာမည်ဟု ၎င်းကဆိုသည်။ သို့သော် ရွှေကိုပြည်ပမှ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းကို ကုမ္ပဏီအချို့က စမ်းသပ်လုပ်ကိုင်နေပြီး အခက်အခဲများရှိနေကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

သန့်စင်မှု ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းရှိသည့် ရွှေကိုတင်ပို့၊ တင်သွင်းရာတွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရန် အဓိကဖြစ်နေသည်။ သို့သော် ဗဟိုဘဏ်သည် လုပ်ထုံးလုပ်နည်း မရှိသေးသဖြင့် ပြန်လည်အဖြေပေးခြင်းမရှိသေး၍ လက်ရှိအထိ လုပ်ငန်းလုပ်ဆောင်နိုင်ခြင်း မရှိသေးဟု ဦးမျိုး မြင့်ကပြောသည်။ ရွှေဈေးဖွင့်ရာတွင် ဒေါ်လာဈေးအရ ဖွင့်ရခြင်းဖြစ်၍ ဗဟိုဘဏ်က ဒေါ်လာဈေးကိုအမြင့်နှုန်းဖွင့်နေခြင်းကြောင့် ရွှေဈေးသည် အမြင့်ဈေးနှုန်း၌သာ ရှိနေသည်ဟု၎င်းကဆိုသည်။ ထိုကြောင့် ဗဟိုဘဏ်သည် ဒေါ်လာဈေးနှုန်းသတ်မှတ်ရာတွင် တစ်နေ့လျှင် တစ်ကြိမ်အစား နှစ်ကြိမ်ခန့် သတ်မှတ်ပေးရန် လိုအပ်သည်ဟု၎င်းကဆိုသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း စိန်နှင့်မြကို အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုရန်နှင့် ရွှေစင်ရွှေတုံးများကို ကုန်သွယ် လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၇ ဇူလိုင် ၂၆ ရက်တွင် သဝဏ်လွှာပေးပို့သည်။ ၂၀၁၇ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ရွှေစင်ရွှေတုံးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်းတွင် ကုန်သွယ်မှုပြုခြင်းတို့အတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကျသင့်စေရမည်ဟု ပြဋ္ဌာန်းထားသည်။ စိန်နှင့်မြကို အချောထည်ဖြစ်ပါက ၅ ရာခိုင်နှုန်းဖြင့်လည်း ကောင်း၊ အရိုင်းထည်ဖြစ်ပါက ၁၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အထူးကုန်စည်ခွန်ကျသင့်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုကင်းလွတ်ခွင့်များကို ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အပြင် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၌ပါ ဆက်လက်ပြဋ္ဌာန်းခဲ့သည်။

**Source: http://www.7daydaily.com/story/146668**

## GSP အခွင့်အရေးမသေချာမှုက တရုတ်မှရွှေ့ပြောင်းလာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆုံးဖြတ်ရန်ခက်ခဲနေ

ဥရောပသမဂ္ဂ(EU)၏ ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) မသေချာမှုက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ရွှေ့ပြောင်း လာမည့် စက်ရုံ၊ အလုပ်ရုံများအတွက် ဆုံးဖြတ်ချက်ချရန်ခက်ခဲသော အခြေအနေဖြစ်နေသည်ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးဦးအောင်နိုင်ဦးကပြောသည်။ GSP ဆက်လက်ထားရှိမည်ဆိုပါက မြန်မာ နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် အလားအလာကောင်းများရှိနေသည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံပြီး ဥရောပနိုင်ငံများသို့တင်ပို့နေသည့် စက်ရုံ၊ အလုပ်ရုံများက သွင်းကုန်အခွန် ၁၃ ရာခိုင်နှုန်းသက်သာသည့် ကုန်သွယ်မှု အထူးအခွင့်အရေးကို ရယူခံစားလိုသဖြင့် မြန်မာနိုင်ငံသို့ရွှေ့ပြောင်းရန် ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ အီးယူက GSP သာ ဆက်ထားရင် ရင်းနှီးမြှုပ်နှံမှုတွေက ဒီထက်ပိုဝင်လာနိုင်ကြောင်း၊ အထည်ချုပ်များအပါအဝင် အီးယူဈေးကွက်သို့ ကုန်ပစ္စည်းများတင်ပို့နေသည့် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ထားသည့် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးသို့ လာရောက် မေးမြန်းမှု များလည်း ရှိနေကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသော ဥရောပဈေးကွက် တင်ပို့နေသည့် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များကလည်း ကုန်သွယ်မှုအခွင့်အရေးဆုံးရှုံးမည်ကို စိုးရိမ်နေကြောင်း ဦးအောင်နိုင်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အီးယူ GSP စတင်ရရှိခဲ့သည့် ၂၀၁၃ နောက်ပိုင်း အထည်ချုပ်ကဏ္ဍ အပါအဝင် စက်ရုံ ၃၀၅ ရုံအထိ တိုးမြင့်လာသည်။ ဥရောပဈေးကွက်သို့ တင်ပို့နေသည့် အခဆိုပါစက်ရုံများက အလုပ်သမားသုံးသိန်းကျော်ကို

အလုပ်အကိုင် အခွင့်အလမ်းပေးထားသည်။ အီးယူ GSP ကြောင့် လူတစ်ထောင်လျှင် ခြောက်ဦး အလုပ်အကိုင်အခွင့်အလမ်းရရှိနေသည့်သဘောဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ဆိုသည်။

ထိုကဲ့သို့သောအခြေအနေကြောင့် GSP မရုပ်သိမ်းစေရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားသမဂ္ဂအဖွဲ့များပူးပေါင်းကာ ဥရောပသမဂ္ဂအဖွဲ့ (အီးယူ) သို့ ပြီးခဲ့သည့် ဒီဇင်ဘာက လက်မှတ်ထိုးတောင်းဆိုထားသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဇော်မင်းဝင်းကပြောသည်။

အီးယူဈေးကွက်က လယ်ယာထွက်ကုန်များအပါအဝင် မြန်မာနိုင်ငံမှပို့ကုန်များကို ဝယ်ယူရာ၌ အရည်အသွေးမြင့်ကုန်ပစ္စည်းများကိုသာဝယ်ယူခြင်းကြောင့် မြန်မာ့ပို့ကုန်များ၏ အရည်အသွေးပိုင်းမြင့်တက်လာသည့် အခွင့်အရေးလည်းရရှိသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးရဲမင်းအောင်က ပြောသည်။

Source: http://www.7daydaily.com/story/146666

## ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် နီပေါစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်

တရုတ်နိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် နီပေါနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်က ဖိတ်ခေါ်သည်။ ဇန်နဝါရီ ၃ ရက်က နေပြည်တော်စီးပွားကူးသန်းဝန်ကြီးဌာန တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Bhim K.Udas တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုအတွက် ဖိတ်ခေါ်ခြင်းဖြစ်သည်။ နီပေါကလည်း မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့ဖို့ကြိုးစားနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးကပြောသည်။

၂၀၁၈ နိုဝင်ဘာ ၂၉ ရက်က မြန်မာ-နီပေါ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဝန်ကြီးချုပ် အိုလီတို့ ရှေ့မှောက်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဦးကျော်တင်နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံကိုယ်စား ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည်။ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လည်း နီပေါသံအမတ်နှင့်စီးပွားကူးသန်း ပြည်ထောင်စုဝန်ကြီး တွေ့ဆုံချိန်တွင်ဆွေးနွေးခဲ့သည်။ ထို့အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး အလားအလာရှိသော ပို့ကုန်၊ သွင်းကုန်အမည်များဖော်ထုတ်ရေး၊ နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲများ ဆောလျင်စွာကျင်းပနိုင်ရေးတို့ကိုဆွေးနွေးခဲ့သည်။ မြန်မာနှင့် နီပေါနှစ်နိုင်ငံအကြားကုန်သွယ်မှုက ၂၀၁၈ စက်တင်ဘာ၊ အောက်တိုဘာနှစ်လအတွင်း ကန်ဒေါ်လာသန်း ၂၈၀ ကျော်ရှိနေပြီး နီပေါနိုင်ငံကုမ္ပဏီ ၁၀ ခုက မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ကိုင်နေသည်။ အာရှ-ပစိဖိတ်ထိပ်သီး အစည်းအဝေး ၂၀၁၈ သို့တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ်တွင် မြန်မာ-နီပေါ တိုက်ရိုက်လေကြောင်းလိုင်းပျံသန်းပြေးဆွဲရေးဆွေးနွေးခဲ့သည်။

Source: http://www.7daydaily.com/story/146543

## ဒီဇင်ဘာလအတွင်း မြန်မာ့ကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်း ခိုင်မာတဲ့တိုးတက်မှုကိုပြသ

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကောက်ယူခဲ့တဲ့ စစ်တမ်းအချက်အလက်တွေအရ မြန်မာ့ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍထဲမှာဆိုရင် ခိုင်မာအားကောင်းတဲ့တိုးတက်မှုတစ်ရပ်ကို ရရှိခဲ့တယ်ဆိုတာကို ညွှန်းဆိုပြသနေတယ်လို့သိရပါတယ်။ ထုတ်ကုန်ထုတ်လုပ်မှုပိုင်းမှာ အမြန်ဆန်ဆုံးနှုန်းနဲ့ တိုးတက်လာခဲ့တာ၊ ပြီးခဲ့တဲ့ခုနစ်လတာအတွင်းကုန်အမှာစာအသစ်တွေရရှိတာတို့ကြောင့် ခုလိုမြန်မာ့ကုန်ထုတ်ကဏ္ဍ ဆက်လက်တိုးတက်နေခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

Nikkei မြန်မာကုန်ထုတ်လုပ်မှု အဝယ်မန်နေဂျာအညွှန်း Nikkei Myanmar Manufacturing Purchasing Managers' Index (PMI) မှာဆိုရင် ပြီးခဲ့တဲ့နိုဝင်ဘာလတုန်းက ၅၁.၃ ကနေ ဒီဇင်ဘာလမှာ ၅၂ ဒသမ ၅ ကိုတက်လာခဲ့တယ်လို့သိရပါတယ်။ PMI အညွှန်းကိန်း ၅၀ အထက်ဆိုရင် ကုန်ထုတ်လုပ်မှုအားကောင်းပြီး စီးပွားရေး

တိုးတက်တယ်၊ ၅၀ အောက်ဆိုရင် ကုန်ထုတ်လုပ်မှု ကျဆင်းသွားတယ်ဆိုပြီး သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ခုလို Nikkei PMI အညွှန်းကိန်း အားကောင်းတာကို ကြည့်မယ်ဆိုရင်တော့မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍဟာ ပြီးခဲ့တဲ့မေလနောက်ပိုင်းအားအကောင်းဆုံးတိုးတက်မှုကိုပြသနေလျက်ရှိတယ်လို့ သိရပါတယ်။

**Source:** https://asia.nikkei.com/.../Myanmar-manufacturing-PMI-indicat...

## အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်း စီမံကိန်းအတွက် အိန္ဒိယအစိုးရက ရန်ပုံငွေ ရူပီး ၁၉၃ ဒသမ ၁၆ ကဋေထုတ်ပေး

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဖြတ် အမြန်လမ်းစီမံကိန်းအတွက်ရန်ပုံငွေ ရူပီး ၁၉၃ ဒသမ ၁၆ ကဋေကို အိန္ဒိယအစိုးရက ထုတ်ပေးခဲ့ကြောင်းသိရပါတယ်။ ဒါဟာ ကလေး၀-ရာဂျီးလမ်းပိုင်းတည်ဆောက်မှုနဲ့ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအမြန်လမ်းပေါ်က တံတားတွေ တည်ဆောက်ဖို့အတွက် အတည်ပြုထားတဲ့ ရန်ပုံငွေထဲကနေ ထုတ်ပေးခဲ့တာ ဖြစ်ကြောင်း သိရပါတယ်။

အရှည် ၁,၃၆၀ ကီလိုမီတာရှိ အဆိုပါသုံးနိုင်ငံဖြတ်အမြန်လမ်းကတော့ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံရဲ့ စီမံကိန်းတစ်ရပ်လည်း ဖြစ်ပါတယ်။အိန္ဒိယအစိုးရအနေနဲ့ မြန်မာနိုင်ငံထဲမှာ သုံးနိုင်ငံဖြတ်အမြန်လမ်းရဲ့ လမ်းပိုင်းနှစ်ခုကို တည်ဆောက်နေလျက်ရှိကြောင်းသိရပါတယ်။

အရှည် ၁၂၀ ဒသမ ၇၄ ကီလိုမီတာရှိ ကလေး၀-ရာဂျီးလမ်းပိုင်း တည်ဆောက်ခြင်းနဲ့ အရှည် ၁၄၀ ဒသမ ၇၀ ကီလိုမီတာရှိ တမူး-ကျီးကုန်း၊ ကလေးဝလမ်းပိုင်းရှိ ချဉ်းကပ်လမ်းတစ်လျှောက် တံတား ၆၉ စင်းတည်ဆောက်ခြင်းတို့ပါဝင်ကြောင်း အိန္ဒိယလမ်းပန်းပို့ဆောင်ရေးဝန်ကြီး Mansukh L Mandaviya ကပြောသွားပါတယ်။

**Source:**https://www.business-standard.com/.../govt-releases-rs-193-16...

## ကုန်သွယ်ရေး စစ်ကြောင့် တစ်ကမ္ဘာလုံးက ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေအပေါ်ထိခိုက်

ဥရောပနဲ့ အာရှဒေသ တစ်ပှမ်းမှာပြီးခဲ့တဲ့ ဒီဇင်ဘာက ကုန်ထုတ်စက်ရုံ လုပ်ငန်းကိုင်ငန်းလုပ်ကိုင်မှုတွေဟာ တိုးတက်မှုမရှိဘဲ အားနည်းခဲ့ကြောင်းသိရပါတယ်။ဒါဟာ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်နဲ့အတူ ဂယ်လိုအားပိုင်းနှေးကွေးမှုတို့ကြောင့် ကမ္ဘာတစ်ပှမ်းနိုင်ငံအများအပြားရဲ့ကုန်ထုတ်လုပ်မှုတွေအပေါ် ထိခိုက်စေခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ဒ့ါအပြင် ဒီဇင်ဘာလအတွက် ထုတ်ပြန်တဲ့ အဂယ်မန်နေဂျာ အညွှန်းကိန်းများ purchasing managers' Index တွေအရလည်း ကမ္ဘာတစ်ပှမ်း ကုန်ထုတ်လုပ်မှုလုပ်ငန်း လုပ်ဆောင်ချက်တွေမှာ ကျဆင်းမှုတွေ ဖြစ်ပေါ်တာ ဒါမှမဟုတ်နှေးကွေးမှုတွေ ဖြစ်ပေါ်တာတို့ ရှိနေခဲ့တယ်လို့ ဆိုထားပါတယ်။

လက်ရှိ ဖြစ်ပေါ်ထားခဲ့တဲ့ ကုန်သွယ်ရေးစစ်နဲ့ပတ်သက်လို့ ကမ္ဘာ့ အင်အားအကြီးဆုံး စီးပွားရေး နိုင်ငံကြီးနှစ်ခုဖြစ်တဲ့ အမေရိကန်နဲ့တရုတ်တို့ကတော့ ရက် ၉၀ ယာယီ ပြေငြိမ်းပြီး ညှိနှိုင်းဆွေးနွေးသွားဖို့သဘောတူထားပါတယ်။

**Source:** https://www.channelnewsasia.com/.../us-china-trade-war-takes-...

### Thura News Views

**OCBC expects recovery as China executes BRI**

Myanmar economy is expected to recover as execution of projects related to China's Belt and Road Initiative (BRI) commences, according to OCBC Bank reports. "Myanmar is still struggling to resolve fundamental concerns relating to basic human rights as well as the repatriation and recovery of refugees who fled to Bangladesh. Global economic prospects are increasingly gloomy as un-certainty over trade rises. However, not all hope is lost. With the recent policy changes and investments in infrastructure from BRI, Myanmar is forecast to enjoy a robust economic growth from a regional and global standpoint," the analysts said. Some of the BRI projects are already starting including the construction of a deep-sea port in Kyaukphyu, Rakhine State. The original estimated cost of

development for the entire project had been US$ 7.2 billion, with the first phase expected to cost US$ 1.6 billion. The second BRI project includes the construction of the Muse-Mandalay railway line. A feasibility study for the project is expected to be completed this year.

**Rakhine State Gov't offers assistance to attract investors**

Rakhine State Chief Minister U Nyi Pu has offered the regional government's assistance to potential investors to promote investments, according to an article in state-owned the Global New Light of Myanmar. The regional government is inviting investment for the development of the State. U Nyi Pu, in his capacity as the Chairman of the Investment Committee, (RSIC), said the Rakhine State Government is inviting investments for the development of the state. RSIC will have oversight on the operations and developments of the companies in accord with the agreements that are applicable to the State. He also stressed the importance of granting permits to further companies which are in accordance with the rules and regulations. U Nyi Pu and committee members gave investment permits to three local companies. Su Htoo San Co.,Ltd, U Soe Khant and Family Co.,Ltd, and Shwe Hlyan Phyo Co.,Ltd received endorsement from RSIC.

**Govt counting on more Asian tourists to boost tourism**

Myanmar's tourism sector has suffered as growth of tourist arrivals dropped to 1 percent in 2018 compared with 7.1 percent in 2017, according to the Myanmar Times, which cites a World Bank report. The number of western tourist arrivals fell the most, more than offsetting arrivals from Asia according to reports of booking and tour cancellations by western tourists since late 2017. This happened after the news of violence in Rakhine was reported on a global scale, the World Bank said. Tourism accounts for 2.7 percent of the country's GDP. Officials reckon the tourism industry will continue to come under pressure this year and for as long as the Rakhine crisis remains an issue. To offset the west's impact on tourism, Myanmar has doubled up its efforts to capture tour-ists from Asia. Last year, the Ministry of Labour, Immigration and Population relaxed visa requirements for travelers from Japan, Macau, Hong Kong and South Korea. It now also offers visas on arrival to mainland Chinese and Indian tourists. The tourism businesses are hoping to see a 50 percent rise in visitors from eastern countries this year.

**MAB launches wealth banking service as competition rises**

Myanmar Apex Bank (MAB) has launched a special wealth banking and rewards programme for high net worth individuals, according to a report in the Myanmar Times. MAB Gold Wealth Banking is targeting those who can place a minimum fixed deposit of K300 million. Interest rates for fixed deposits are 8.5% for one and two months deposits, 9% for three-months, 9.5% for six to 12 months, 9.75% for 13-months, 10.15% for 18-months and 10.25% for deposits of two to three years, said Mr Gary Voon, executive vice president and head of consumer banking at MAB. The clients will enjoy privileges ranging from free meals at premium restaurants and hotels, to Mingalar Sky Airport Lounge access. The clients will also be eligible for a lucky draw to win a high-end condominium with their chances increasing the longer their fixed deposits are committed. MAB's efforts to secure fixed deposits come at a time of rising competition and stricter regulations for banks in Myanmar.

Source: Thura Swiss News

**Issue 347 Jan 03, 2019**

TIRD

## STOCK EXCHANGE (7.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 9,700 | 10,000 | 9,700 | 212 | 2,078,400 | 27,112,747 | 271,127 |
| MTSH | 00002 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 2,307 | 6,911,500 | 38,929,150 | 114,841 |
| MCB | 00003 | 6,500 | -900 | -12.16% | 6,400 | 6,500 | 6,400 | 10 | 64,100 | 10,400,986 | 67,606 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 258 | 5,805,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 36 | 100,800 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.02 | -9.19 | -2.26% | 393.63 | 398.02 | 393.63 | 2,823 | 14,959,800 | 5 | 543,391 |

**Index chart**





# Market Overview

As of 1:00 pm, 7th Jan. 2019

| MYANPIX | 398.02 ▼9.19 |
|---|---|
| Total Volume (shares) | 2,823 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 543,391 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 2,950 | ▼50 |
| MCB | 00003 | 6,500 | ▼900 |
| FPB | 00004 | 22,500 | ▼500 |
| TMH | 00005 | 2,800 | ▲0 |